FORTIFY RIGHTS

သတင်းထုတ်ပြန်ချက်

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ - ရိုဟင်ဂျာလက်နက်ကိုင်များအား စစ်ရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်နှင့် နိုင်ငံတကာယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ရန်

**အစီရင်ခံစာအသစ်တွင် မြန်မာနိုင်ငံရှိ စစ်ပွဲနှင့်ဆက်စပ်နေသော ဘင်္ဂလားဒေ့ရှ်တွင် ဖြစ်ပွားခဲ့သည့် စစ်ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို မှတ်တမ်းတင်ထားသည်။**

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့၊ ဒါကာမြို့) — ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့ဝင်များသည် စစ်ရာဇဝတ်မှုမြောက်သော လုပ်ရပ်များဖြစ်သည့် မြန်မာနိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည်များအား သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်ဟု Fortify Rights မှ ယနေ့ထုတ်ပြန်သော အစီရင်ခံစာအသစ်တွင် ဖော်ပြထားသည်။ အဆိုပါ အစီရင်ခံစာတွင် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများအတွင်းမှ ရိုဟင်ဂျာအမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် ကျူးလွန်သည့် လက်နက်ကိုင်အဖွဲ့များ၏ အချို့သောလုပ်ရပ်တို့သည် ဘင်္ဂလားဒေ့ရှ်ရှိ ရာဇဝတ်မှုများနှင့် မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခအကြား ထင်ရှားသည့် "ပတ်သက်ဆက်နွယ်မှု" ရှိရာ စစ်ရာဇဝတ်မှုမြောက်သည်ဟု ယုံကြည်ရလောက်သည့် "ကျိုးကြောင်းဆီလျော်သော အထောက်အထား များ" ရှိနေကြောင်း ဖော်ပြထားသည်။

အစီရင်ခံစာတွင် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (IIMM), နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) စသည်တို့ ပါဝင်သော နိုင်ငံတကာ တရားမျှတမှုဆိုင်ရာယန္တရားများ အနေဖြင့် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများတွင် ပါဝင်လှုပ်ရှားနေသော ရိုဟင်ဂျာလက်နက်ကိုင် အဖွဲ့များကို စုံစမ်းစစ်ဆေးပြီး စစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို တရားစွဲဆိုရန် အကြံပြုထားသည်။

"ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့တွေက ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံမှာ ပြစ်ဒဏ်ကျခံရခြင်းကနေ လွတ်မြောက် နေတာနဲ့အမျှ ပြောင်းဆန်နေအောင်ကို အကြီးအကျယ် လိုက်ဖျက်ဆီးနေပါတယ်" ဟု Fortify Rights ၏ ဒါရိုက်တာ John Quinley မှ ပြောကြားခဲ့သည်။ "စစ်ရာဇဝတ်မှုတွေကို များသောအားဖြင့် လက်နက်ကိုင်

ပဋိပက္ခဖြစ်ပွားရာ နယ်မြေအတွင်းမှာသာ ကျူးလွန်လေ့ရှိပေမယ့် ဒီအမှုကိစ္စမှာတော့ ဘင်္ဂလားဒေ့ရှ်က ရာဇဝတ်မှုတွေဟာ မြန်မာနိုင်ငံက စစ်ပွဲနဲ့ တိုက်ရိုက်ဆက်နွယ်နေပြီး စစ်ရာဇဝတ်မှုမြောက်ကြောင်း သတ်မှတ် လို့ရပါတယ်။ ဘင်္ဂလားဒေ့ရှ်ရဲ့ ယာယီအစိုးရအနေနဲ့ စစ်ရာဇဝတ်မှုကျူးလွန်သူတွေကို တရားစီရင်နိုင်ဖို့ နိုင်ငံတကာ တရားမျှတမှုဆိုင်ရာယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။”

အမေရိကန်အစိုးရ၏ လတ်တလော ငွေကြေးထောက်ပံ့မှုဖြတ်တောက်ခြင်းသည် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည် စခန်းများတွင် ရိုဟင်ဂျာလက်နက်ကိုင်များအား ပိုမိုလွတ်လပ်စွာ လုပ်ပိုင်ခွင့်များပေးရာရောက်နေပြီး ယင်းကြောင့် ရိုဟင်ဂျာဒုက္ခသည်များ၏ လုံခြုံရေးအခြေအနေ သိသိသာသာ ဆိုးဝါးလာနိုင်သည်ဟု Fortify Rights မှ ဆိုသည်။

Fortify Rights ၏ အစီရင်ခံစာအသစ်တွင် ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းများအတွင်း သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းစသည့် နှစ်ပေါင်းများစွာ ဖြစ်ပွားလျက်ရှိသော လူသေစေသည့်အကြမ်းဖက်မှုများကို အသေးစိတ်ဖော်ပြထားသည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ရိုဟင်ဂျာလူ့အခွင့်အရေးကာကွယ်သူဖြစ်သည့် လူသိများထင်ရှားသူ လူထုခေါင်းဆောင် မိုဟစ်ဘုလ္လာ (Mohib Ullah) လုပ်ကြံခံရပြီးနောက် လက်နက်ကိုင်အကြမ်းဖက်မှုများ သိသာစွာ တိုးမြင့်လာခဲ့ကြောင်း အစီရင်ခံစာ တွင် ဖော်ထုတ်ခဲ့သည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်၏ ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာ (Sheikh Hasina) အစိုးရသည် ဒုက္ခသည်များအား ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များထံမှ ကာကွယ်ပေးရန် အဓိကအားဖြင့် ပျက်ကွက်ခဲ့ကြောင်းလည်း အစီရင်ခံစာတွင် ထောက်ပြထားသည်။

"ကျွန်ုပ် အချိန်မရွေး အသတ်ခံရနိုင်တယ်" - **ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်များအပေါ် ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များ၏ သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားပြင်းထန်သော ချိုးဖောက်မှုများ**ဟူသော ခေါင်းစဉ်ဖြင့် ထုတ်ဝေသည့် စာမျက်နှာ ၇၈ မျက်နှာပါ အစီရင်ခံစာတွင် ရှင်သန်လွတ်မြောက်လာသည့် ရိုဟင်ဂျာဒုက္ခသည်များ၊ မျက်မြင်သက်သေများ၊ ရိုဟင်ဂျာလက်နက်ကိုင်များ၊ ကုလသမဂ္ဂအရာရှိများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသူများနှင့် အခြားသူများ အပါအဝင် လူပေါင်း ၁၁၆ ဦးတို့နှင့် အင်တာဗျူးများပြုလုပ်ကာ စခန်းအတွင်း ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများကို မှတ်တမ်းတင်ထားသည်။ Fortify Rights သည် အာရ်ကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (ARSA) နှင့် ရိုဟင်ဂျာစည်းလုံးညီညွတ်ရေးအဖွဲ့ (RSO) အပါအဝင် လက်နက်ကိုင်အဖွဲ့များမှ

FORTIFY RIGHTS

ယခင်က ပါဝင်ခဲ့သူများနှင့် လက်ရှိအဖွဲ့ဝင်များကိုပါ အင်တာဗျူးများပြုလုပ်ခဲ့ပြီး ပြင်းထန်သော ရာဇဝတ်မှုများ အတွက် ဝန်ခံချက်များကို မှတ်တမ်းတင်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာဒုက္ခသည်များသည် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များ၏ လက်ချက်ဖြင့် နှစ်ပေါင်းများ စွာ အကြမ်းဖက်မှုများနှင့် သတ်ဖြတ်မှုများကို ခံစားခဲ့ရသည်။ စခန်းအတွင်း လက်နက်ကိုင်အဖွဲ့များမှ ကျူးလွန် သည့် သတ်ဖြတ်မှုများမှာ ၂၀၂၁ ခုနှစ်တွင် ၂၂ယောက်၊ ၂၀၂၂ တွင် ၄၂ယောက်၊ ၂၀၂၃ ခုနှစ်တွင် အနည်းဆုံး ၉၀ ယောက်နှင့် ၂၀၂၄ ခုနှစ်တွင် ၆၅ ယောက်ထက်မနည်း သတ်ဖြတ်ခဲ့သည်။

ဥပမာအားဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အမည်မသိရသော ရိုဟင်ဂျာလက်နက်ကိုင်များသည် ည ၇ နာရီမှ ၈ နာရီကြား ဒုက္ခသည်စခန်း အမှတ် (၄) တိုးချဲ့ဧရိယာမှ လူအများ၏ ချစ်ခင်လေးစားရသော ဆရာ၊ ဖခင်နှင့် ကဗျာဆရာတစ်ဦးလည်းဖြစ်သော လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့သူ မိုဟာမတ် ဖိုင်ဆယ်လ် (Mohammad Faisal) ကို ဖမ်းဆီးကာ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ၎င်းသတ်ဖြတ်ခံရခြင်းမတိုင်မီတွင် မိုဟာမတ် ဖိုင်ဆယ်လ် (Mohammad Faisal) သည် စခန်းအတွင်း ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များကို တက်ကြွစွာ ကူညီပေးခဲ့သူဖြစ်သည်။ သူ၏လုပ်ဖော်ကိုင်ဖက်တစ်ဦးက Fortify Rights ကို ဤသို့ပြောကြားခဲ့သည်။

> ဒုက္ခသည်စခန်း အမှတ် (၄) တိုးချဲ့ဧရိယာမှာ ရာဇဝတ်မှုကျူးလွန်တဲ့အဖွဲ့တွေ အများကြီးပဲ။ ဆရာက စခန်းအတွင်း လုယက်မှုတွေနဲ့ ရာဇဝတ်မှုတွေအကြောင်း UNHCR (ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး)၊ NSI (အမျိုးသား လုံခြုံရေးထောက်လှမ်းရေး) နဲ့ DGFI (ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်) တို့ကို အစီရင်ခံပေးနေခဲ့သူပါ။

နောက်ထပ်ဖြစ်စဉ်တစ်ခုတွင်မူ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့၌ ဘင်္ဂလားဒေ့ရှ်ထောက်လှမ်းရေး အစီရင်ခံစာအရ ARSA အဖွဲ့ဝင်များဟု ဖော်ထုတ်ခံရသည့် ရိုဟင်ဂျာလက်နက်ကိုင်များသည် ဘာလူကာလီ ဒုက္ခသည်စခန်း အမှတ် (၁၈) ရှိ မဒရာဆာ (madrasa) အစ္စလာမ်ဘာသာရေး စာသင်ကျောင်း တစ်ခုတွင် အမျိုးသား ၆ ဦးတို့ကို သတ်ဖြတ်ပြီး အခြားသူများကို ညှဉ်းပန်းနှိပ်စက်ခဲ့သည်။

အစ္စလာမ်ဘာသာရေး ခေါင်းဆောင် ရိုဟင်ဂျာမော်လဝီတစ်ဦးက Fortify Rights ကို ပြောကြားသည်မှာ -

FORTIFY RIGHTS

> "မဒရာဆာကို တိုက်ဖို့ သူတို့ ရောက်လာတဲ့အချိန်က မနက် ၄ နာရီဆိုတော့ အားလုံးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာနဲ့ စစချင်းမှာ ဘာဖြစ်နေမှန်း မသိခဲ့ဘူး။ မဒရာဆာထဲကို ဝင်လာတဲ့သူတွေမှာ ဓားတွေ၊ တုတ်တွေနဲ့ သေနတ်တွေ ပါတယ်။ သူတို့က ကျောင်းထဲ ဝင်လာပြီး သူတို့ရဲ့ သေနတ်တွေဖောက်ပြီးတော့ ကျောင်းသားတွေကို ပစ်သတ်ခဲ့တာ။ ကျည်ဆန်မှန်တဲ့သူမှန်သမျှ လဲကျပြီး သေသွားတာပဲ။ ဆရာ သုံးယောက်နဲ့ ကျောင်းသား သုံးယောက် အသတ်ခံခဲ့ရတယ်။

ထိုစီးနင်းတိုက်ခိုက်မှုတွင် သတ်ဖြတ်ခံရသူတစ်ဦး ၏ ဆွေမျိုးလည်းဖြစ်၊ မျက်မြင်တွေ့ခဲ့ရသူ တစ်ဦးလည်းဖြစ်သည့် ရိုဟင်ဂျာ အမျိုးသားတစ်ဦးက Fortify Rights သို့ ဤကဲ့သို့ပြောကြားခဲ့သည်။ "လက်ထဲမှာ ဓားမြှောင်တွေ၊ ဓားရှည်တွေ၊ တုတ်တွေ၊ ပစ္စတိုတွေ ကိုင်ထားတဲ့ ယောကျ်ားတွေကို ကျွန်တော် တွေ့ခဲ့တယ်။ သူတို့ [လက်နက်ကိုင်များ] ရဲ့ လူသတ်မစ်ရှင် ပြီးသွားတော့ မြေကြီးပေါ်မှာ သတ်ခံထားရတဲ့ အလောင်းခြောက် လောင်းကို တွေ့ခဲ့တယ်။ ကျွန်တော် သူ့ [ဆွေမျိုးဖြစ်သူ] အလောင်းကိုလည်း ကျွန်တော် မြင်ခဲ့ရတယ်။ သွေးတွေဆိုတာ နေရာအနှံ့မှာပဲ မြင်ခဲ့ရတာဗျာ။"

လက်နက်ကိုင်အဖွဲ့များသည် မဒရာဆာရှိ ကျောင်းသားများနှင့် ဆရာများကို တိုက်ခိုက်ပြီးနောက် မဒရာဆာအနီးရှိ ရပ်ကွက်တစ်ဝိုက်တွင် ရိုဟင်ဂျာဒုက္ခသည်များကို ရိုက်နှက်ကာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ တိုက်ခိုက်ခံရသူတစ်ဦးက Fortify Rights ကို ပြောကြားသည်မှာ "သူတို့က ကျွန်တော့် လက်ချောင်းနှစ်ချောင်းကို ဖြတ်ပြီးတော့ ကျွန်တော့်ခေါင်းကို ရိုက်ကြတယ်။ နောက်တော့ ကျွန်တော့်ကို သေပြီထင်ပြီး ထားခဲ့ကြတယ်။"

မဒရာဆာကို တိုက်ခိုက်မှု အပြီးနောက် ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က အနီးပတ်ဝန်းကျင်တွင် လုံခြုံရေးကင်းလှည့်ပေးခဲ့သည်။ သို့သော် ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့၏ ကင်းလှည့်မှုများ သည် ARSA ၏ ဆက်လက်ခြိမ်းခြောက်နေမှု များကို မတားဆီးနိုင်ခဲ့ပေ။ "မင်း ရဲတွေနဲ့ အတူရှိနေတုန်းတော့ ထမင်းဝအောင်စားထား၊ သူတို့သွားပြီဆိုတာနဲ့ မင်းလည်းသေပြီပဲ ဆိုပြီးတော့ ခုထိ ကျွန်တော် [ARSA] ခြိမ်းခြောက်တာ ခံနေရတုန်းပဲ၊ ကျွန်တော် အချိန်မရွေး သတ်ခံရနိုင်တယ်လို့ ခံစားရတယ်" ဟု မဒရာဆာ တိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူတစ်ဦးက Fortify Rights သို့ပြောကြားခဲ့သည်။

"ကျွန်တော် အချိန်မရွေး သတ်ခံရနိုင်တယ်လို့ ခံစားရတယ်။" ဟု ၎င်းက ဆက်ပြောကြားသည်။

Fortify Rights မှ မှတ်တမ်းတင်ထားသော ရိုဟင်ဂျာလက်နက်ကိုင်များ၏ သတ်ဖြတ်မှုအားလုံးသည် စခန်းအတွင်း ပြစ်ဒဏ်ကျခံရခြင်းမှ လွတ်မြောက်လျက်ရှိနေပြီး စခန်းတွင်းနေထိုင်သူအားလုံးအတွက် အကြောက်တရားဖြင့် နေရသည့် ပတ်ဝန်းကျင်အခြေအနေကို ဖန်တီးလျက်ရှိသည်ဟု Fortify Rights က ပြောကြားခဲ့သည်။

အဆိုပါ သတ်ဖြတ်မှုများအပြင် ယနေ့ထုတ်ပြန်သော အစီရင်ခံစာအသစ်တွင် ဘင်္ဂလားဒေ့ရှ်တွင် လှုပ်ရှားနေသည့် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များ၊ အဓိကအားဖြင့် ARSA နှင့် RSO တို့၏ ညှဉ်းပန်းနှိပ်စက်မှု၊ ဖမ်းဆီးမှုနှင့် အခြားရာဇဝတ်မှုများကိုလည်း အသေးစိတ်ဖော်ပြထားသည်။ အထူးသဖြင့် ထိတ်လန့်ဖွယ်ကောင်းသော ဥပမာတစ်ခုမှာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ARSA သည် ရိုဟင်ဂျာလူငယ်တစ်ဦးကို ဖမ်းဆီး၍ ညှဉ်းပန်းနှိပ်စက်ကာ ခြေလက်အင်္ဂါများကို ဖြတ်တောက်ခဲ့ပြီး အသက်သေဆုံးစေသည့် အနေအထားဖြင့် ထားရစ်ခဲ့ခြင်း ပင်ဖြစ်သည်။ ၎င်းသည် အလွန်အံ့သြဖွယ်ကောင်းစွာ အသက်ရှင်ကျန်ရစ်ခဲ့ပြီး Fortify Rights ကို ပြောကြားခဲ့သည်မှာ -

> "ပထမဆုံး သူတို့က ကျွန်တော့ခြေထောက်ကို အရင်ဖြတ်တာ။ ကျွန်တော့ခြေထောက်က အရိုးကို ဓားကြီးနဲ့ ဖြတ်နေတဲ့အသံကိုတောင် ကျွန်တော်ကြားရတယ်။ ကျွန်တော်က [လက်နက်ကိုင်တွေကို] 'ကျေးဇူးပြုပြီး ကျွန်တော့်ကို လွှတ်ပေးပါ။ ဆရာတို့တောင်းဆိုတာ မှန်သမျှ လုပ်ပေးပါ့မယ်' ကျွန်တော် သူတို့ကို ပြောခဲ့တယ်။ သူတို့က 'မင်းကို ဘယ်တော့မှ မလွှတ်ပေးဘူး။ မင်းက NGO တွေနဲ့ အာဏာပိုင်တွေကို ငါတို့အကြောင်း သတင်းပေးနေလို့ မင်းကို သတ်ပစ်မယ်' လို့ ပြန်ပြောခဲ့တယ်။ [လက်နက်ကိုင်တွေဟာ] ကျွန်တော့်ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို နာရီဝက်လောက် ကြာအောင် ဖြတ်တောက်ခဲ့တယ်။ ကျွန်တော့်လက်မောင်းကို တံတောင်ဆစ်အရင်းနားလောက်ကနေ စဖြတ်ပစ်ခဲ့တယ်။"

ရာထူးမှဖြုတ်ချခံခဲ့ရသည့် ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာ ဦးဆောင်သော အစိုးရသည် ဘင်္ဂလားဒေ့ရှ်နယ်မြေအတွင်း ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များ၏ တည်ရှိမှုနှင့် လှုပ်ရှားမှုများကို လူသိရှင်ကြား အသိအမှတ်ပြုဝန်ခံရန် နှစ်ပေါင်းများစွာ တိုင်အောင် ငြင်းဆန်ခဲ့သည်။ ဤငြင်းဆန်မှုကြောင့် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များသည် ရိုဟင်ဂျာဒုက္ခသည်များအပေါ် ရိုဟင်ဂျာလက်နက်ကိုင်များ၏ တိုက်ခိုက်မှုများအတွက် တရားမျှတမှုကို လက်လှမ်းမီနိုင်ရန်နှင့် သင့်လျော်သော တုံ့ပြန်နိုင်မည့် အခွင့်အလမ်းမရှိခဲ့ပေ။

အလှူရှင်အစိုးရများသည် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းကာ အန္တရာယ်တွင်းကျရောက်နေသည့် ရိုဟင်ဂျာများအတွက် ကာကွယ်ပေးသည့်နေရာများနှင့် တတိယနိုင်ငံပြောင်းရွှေ့နေထိုင်ရေးပါဝင်သည့် လုပ်ဆောင်မှုများကို ပိုမို အားဖြည့်ပေးသင့်သည်ဟု Fortify Rights က ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သော အင်တာဗျူးတစ်ခုတွင် ဘင်္ဂလားဒေ့ရှ်၏ ယာယီခေါင်းဆောင် မူဟာမတ် ယူနွတ်စ် (Muhammad Yunus) က ဒုက္ခသည်စခန်းများအတွင်း အကြမ်းဖက်မှုများအကြောင်း ဤသို့ပြောကြားခဲ့သည်။ “ဒုက္ခသည်စခန်းတွေထဲမှာ အကြမ်းဖက်မှုတွေ အများကြီးရှိတယ်။ မူးယစ်ဆေးတွေလည်း အများကြီးရှိတယ်။ စခန်းတွေထဲမှာ လက်နက်ကိုင်လှုပ်ရှားမှုတွေလည်း အများကြီးရှိတယ်။”

ARSA နှင့် RSO လက်နက်ကိုင်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ဆက်နွယ်နေသည်။ သူတို့နှစ်ဖွဲ့စလုံးသည် မြန်မာစစ်တပ်ဘက်မှနေ၍ ရခိုင်ပြည်နယ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရက္ခိုင့်တပ်တော် (Arakan Army) ကို တိုက်ခိုက်နေသည်။ မြန်မာနိုင်ငံအတွင်း ၎င်းတို့၏ လက်နက်ကိုင်လှုပ်ရှားမှုများကို အားဖြည့်ရန်အတွက် ARSA နှင့် RSO တို့သည် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်များကို ဖမ်းဆီးကာ မြန်မာနိုင်ငံတွင် စစ်တိုက်ရန် အတင်းအကျပ် ခိုင်းစေခဲ့သည်။ ထိုသို့သော လုပ်ရပ်များသည် စစ်ဥပဒေများကို ပြင်းထန်စွာ ချိုးဖောက်ခြင်းဖြစ်ပြီး စစ်ရာဇဝတ်မှုများအဖြစ် စုံစမ်းစစ်ဆေးသင့်သည်။

အသက် ၁၇ နှစ်အရွယ်ရှိသူ ရိုဟင်ဂျာဒုက္ခသည်တစ်ဦးက Fortify Rights ကို ၂၀၂၄ ခုနှစ်တွင် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ၎င်းအား ဘင်္ဂလားဒေ့ရှ်တွင် ဖမ်းဆီးပြီး မြန်မာစစ်ကောင်စီတပ်များအတွက် စစ်တိုက်ရန် အတင်းအကျပ် ခိုင်းစေခဲ့ပုံကို ပြောပြခဲ့သည်။ ၎င်းက ပြောကြားသည်မှာ -

> "ကျွန်တော် လက်ဖက်ရည် သောက်နေတုန်းကော်ဖီဆိုင်ကို လူ ၇ယောက်လောက် ရောက်လာတယ်။ သူတို့က ကျွန်တော့ကို သေနတ်နဲ့ ချိန်တယ်။ မျက်လုံးကို အဝတ်စည်းပြီးတော့ လက်မောင်းနဲ့ ခြေထောက်တွေကို ကြိုးနဲ့ချည်တယ်။ နောက်တော့ ကျွန်တော့ကို မြန်မာပြည်ဘက် ခေါ်လာတယ်။ အဲဒီနောက်မှာတော့ ကျွန်တော့ကို မြို့သူကြီး BGP [နယ်ခြားစောင့်ရဲတပ်ဖွဲ့] ဌာနချုပ် [ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်] ကို ခေါ်သွားခဲ့ပါတယ်။"

မြန်မာနိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်၏ ကြားနေမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ပါဝင်လှုပ်ရှားနေသည့် လူတစ်ဦးတစ်ယောက်ချင်းစီနှင့် အဖွဲ့များအား ၎င်းတို့ ကျူးလွန်နေသည့် စစ်ရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန် ကာကွယ်နိုင်ခြင်းမရှိပေ။ ICC သည် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့တွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော နယ်စပ်ဖြတ်ကျော် ရက်စက်ကြမ်းကြုတ်မှုများကို စုံစမ်းစစ်ဆေးရန် စီရင်ပိုင်ခွင့်ကို တရားဝင်အတည်ပြုသတ်မှတ်ပြီးဖြစ်သည်။ သို့ဖြစ်၍ ARSA နှင့် အလားတူအဖွဲ့များမှ ကျူးလွန်ထားသည့် ရာဇဝတ်မှုများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်ဟု Fortify Rights က ပြောကြားခဲ့သည်။

ထိုကာလ၌ ICC ၏ ရှေ့နေချုပ်မှ "တရားရုံးတော်အနေဖြင့် ARSA က ကျူးလွန်တယ်လို့ စွပ်စွဲထားတဲ့ အကြမ်းဖက်မှု အရေအတွက်ကို သိရှိထားပြီး ထိုစွပ်စွဲချက်များကို ဆက်လက်သုံးသပ်သွားမည်" ဟု ၂၀၁၉ ခုနှစ်တွင် ပြောကြားခဲ့သည်။

စစ်ရာဇဝတ်မှုတစ်ခုအား သတ်မှတ်ပြဋ္ဌာန်းရန်အတွက် အဓိကအချက် ၃ ချက် လိုအပ်သည် (၁) လက်နက်ကိုင်ပဋိပက္ခဟူ၍ ရှိရမည်၊ (၂) ကာကွယ်ပေးခံရမည့် လူပုဂ္ဂိုလ်တစ်ဦးအပေါ် တားမြစ်ထားသော လုပ်ရပ်တစ်ခု ကျူးလွန်ခဲ့ရမည်၊ (၃) လက်နက်ကိုင်ပဋိပက္ခနှင့် ကျူးလွန်ခဲ့သော လုပ်ရပ်ကြား ဆက်နွယ်မှု ရှိရမည်။ ကာကွယ်ခံရမည့် လူပုဂ္ဂိုလ်များသည် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်လှုပ်ရှားခြင်း အလျဉ်းမရှိသည့်သူများ ပါဝင်သည်။

ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများအတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျူးလွန်သော အကြမ်းဖက်မှုများနှင့် ပတ်သက်၍ Fortify Rights တွင် ကျိုးကြောင်းဆီလျော်သော အထောက်အထားများ ရှိပြီး ထိုအချက်များအားလုံး ပြည့်စုံကြောင်း ယုံကြည်သည်။ သို့ဖြစ်သောကြောင့် ဘယ်နည်းဖြင့်မဆို ဆက်လက်ဖြစ်ပွားလျက်ရှိသော စစ်ရာဇဝတ်မှုများကို ထပ်မံစုံစမ်းစစ်မှုများ ပြုလုပ်သင့်သည်ဟု Fortify Rights မှ ယုံကြည်သည်။

"ရိုဟင်ဂျာဒုက္ခသည်စခန်းများအတွင်း အကြမ်းဖက်မှုတွေနဲ့ သတ်ဖြတ်မှုတွေကို ရပ်တန့်ရမှာဖြစ်ပြီး ARSA နှင့် RSO အဖွဲ့ဝင်တွေအပါအဝင် တာဝန်ရှိသူတွေက တာဝန်ယူမှု တာဝန်ခံမှုရှိရပါမယ်" ဟု John Quinley က ပြောကြားခဲ့သည်။ "အလှူရှင်အစိုးရတွေက ဘင်္ဂလားဒေ့ရှ်နဲ့ ပူးပေါင်းပြီး အန္တရာယ်တွင်းကျရောက်နေတဲ့

ဒုက္ခသည်တွေအတွက် ကာကွယ်ပေးတဲ့နေရာတွေ၊ လွတ်လပ်စွာ သွားလာခွင့်နဲ့ တတိယနိုင်ငံပြောင်းရွှေ့နေထိုင် ရေးဆိုင်ရာ ရွေးချယ်စရာများကို ပိုမိုပေးအပ်ဖို့ လိုအပ်နေပါတယ်။”

---

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**


**Ejaz Min Khant**

လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ (Human Rights Associate)

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ

+1 323 7040 220 (Signal, WhatsApp)

**အီးမေးလ်** - Ejaz.MinKhant@FortifyRights.org

**တွစ်တာ/X** - @Ejaz_Minkhant, @FortifyRights

**John Quinley III**

Director

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 62 814 1130 (Signal, Whatsapp)

**အီးမေးလ်** - John.Quinley@FortifyRights.org

**တွစ်တာ/X** - @John_hq3, @FortifyRights

**Patrick Phongsathorn**

Senior Advocacy Specialist

Fortify Rights

ဘာသာစကား - အင်္ဂလိပ်၊ ထိုင်း

+66 94 696 8477 (Signal)

**အီးမေးလ်** - Patrick.Phongsathorn@FortifyRights.org

**တွစ်တာ/X** - @Patrick_Phongsa, @FortifyRights

**Matthew Smith**
Chief Executive Officer (အမှုဆောင်အရာရှိချုပ်**)**
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 85 028 0044 (Signal; WhatsApp)
+1 202 503 8032 (U.S.)
**အီးမေးလ်** - Matthew.Smith@FortifyRights.org
**တွစ်တာ/X -** @MatthewFSmith, @FortifyRights